# ESG ကဏ္ဍတွင် ရင်းနှီးမြှုပ်နှံသူများသည် မြန်မာနိုင်ငံတွင် ဖြစ်ပွားလျက်ရှိသော လူ့အခွင့်အရေးချိုးဖောက်မှုများကို အားပေးအောက်မြောက် ပြုနေသည့်အတွက် စီစစ်ခံနေရပါသည်။

**သတင်းထုတ်ပြန်ချက်** **ဖေဖော်ဝါရီလ ၁၈ ရက်၊ ၂၀၂၄ ခုနှစ်**

MSCI၊ FTSE Russell နှင့် S&P Dow Jones Indices ကုမ္ပဏီတို့သည် "တာဝန်သိသော ရင်းနှီးမြှုပ်နှံမှု" ကုမ္ပဏီများတွင် ကြီးမားသော လုပ်ငန်းများ ဖြစ်ကြသော်လည်း အမေရိကန်၊ ယူကေနှင့် ဒတ်ချ်နိုင်ငံ အစိုးရများထံ တင်ပြ တိုင်ကြားချက်များအရ အဆိုပါကုမ္ပဏီများသည် "ESG" ဟုအမည်ခံ၍ မြန်မာစစ်တပ်နှင့် ဆက်နွယ်မှုရှိသည့်ကုမ္ပဏီ ဒါဇင်ပေါင်းများစွာကို တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုပေးရာတွင် ကူညီခြင်းဖြင့် **စီးပွားရေး ပူးပေါင်းဆောင်ရွက်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး အဖွဲ့အစည်း** (OECD) မှ ချမှတ်ထားသော စည်းမျဉ်းများအရ တာဝန်သိစီးပွားရေးလုပ်ဆောင်မှုဆိုင်ရာ လမ်းညွှန်ချက်များကို ချိုးဖောက်လျက်ရှိသည်။

MSCI၊ FTSE Russell နှင့် S&P Dow Jones Indices ကုမ္ပဏီတို့သည် **ပတ်ဝန်းကျင်၊ လူမှုဘဝ နှင့် စီမံအုပ်ချုပ်မှု**(ESG) ၏နိယာမများကို ဦးစားပေးသောရင်းနှီးမြှုပ်နှံမှုများအတွက် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အညွှန်းကိန်းများကို ဦးဆောင်ပံ့ပိုးပေးသူများဖြစ်သည်။ ၎င်းတို့သည် မြန်မာစစ်တပ်နှင့် ဆက်နွယ်လျက်ရှိသော ဒါဇင်နှင့်သောကုမ္ပဏီများအား ESG အမည်ခံ၍ ရင်းနှီးမြှုပ်နှံမှုများကို အားပေးမြှင့်တင်ပေးနေခြင်းဖြင့် OECD ၏ Guidelines for Multinational Enterprises on Responsible Business Conduct လမ်းညွှန်ချက်များကို ချိုးဖောက်လျက်ရှိသည်။ အထက်ပါဆက်စပ်မှုကို Inclusive Development International၊ Alternative ASEAN Network on Burma (ALTSEAN-Burma) နှင့် Blood Money Campaign of Myanmar (BMC) တို့က ယခုသီတင်းပတ်တွင် တိုင်ကြားထားသည့် တိုင်ကြားချက်များအရ သိရသည်။ ထိုနိုင်ငံတကာ ကုမ္ပဏီကြီးများဖြစ်သော MSCI၊ FTSE Russell နှင့် S&P Dow Jones Indices ကုမ္ပဏီတို့သည် OECD ၏ လမ်းညွှန်ချက်များကို လိုက်နာခြင်းမရှိဟု စွပ်စွဲသည့် တိုင်ကြားချက်များကို ကိုင်တွယ်ဖြေရှင်းရန် တာဝန်ရှိသော အစိုးရရုံးများဖြစ်သည့် အမေရိကန်၊ ယူကေနှင့် ဒတ်ချ်နိုင်ငံတို့၏ OECD တိုင်ကြားရေးဌာနများဖြစ်သော OECD National Contact Points တို့တွင် တိုင်ကြားထားပါသည်။ တိုင်ကြားစာများတွင် ဖော်ပြပါကုမ္ပဏီသုံးခုသည် ၎င်း၏လူ့အခွင့်အရေး ဆိုင်ရာ တာဝန်သိစွာ စီစစ်ခြင်းပြုလုပ်ရန် (due diligence) ပျက်ကွက်ခဲ့ပုံကိုဖော်ပြထားပါသည်။ ထို့အပြင် အဆိုပါ ကုမ္ပဏီများသည် မြန်မာစစ်တပ်နှင့် ဆက်နွယ်မှုရှိသော ကုမ္ပဏီများ၏ ဆိုးရွားသော လူ့အခွင့်အရေးဆိုင်ရာ

အန္တရာယ်များနှင့် သက်ရောက်မှုများကို ကိုင်တွယ်ဖြေရှင်းရန် ၎င်းတို့၏ ESG အညွှန်းကိန်းပါ ကုမ္ပဏီများအပေါ် သြဇာအာဏာ အသုံးပြုရန် ပျက်ကွက်ခဲ့ကြောင်း ဖော်ပြထားပါသည်။

"OECD ၏ စီးပွားရေးနှင့် လူ့အခွင့်အရေးဆိုင်ရာ နိုင်ငံတကာမူဘောင်အောက်တွင် ၎င်းတို့ဟာ 'တာဝန်ယူမှုရှိသော ရင်းနှီးမြှုပ်နှံမှုများ' အနေနှင့် လူ့အခွင့်အရေးချိုးဖောက်မှုများတွင် ပါဝင်ပတ်သက်မှုမရှိစေရန် ၎င်းတို့၏ သြဇာအာဏာကို အသုံးပြုရန် တာဝန်ရှိပါတယ်" ဟု Inclusive Development International အကြီးတန်း ဥပဒေရေးရာနှင့် မူဝါဒရေးရာ ဒါရိုက်တာ Natalie Bugalski မှ ပြောကြားပါသည်။ " ၎င်းတို့၏ သြဇာအာဏာကို အသုံးပြုရမည့်အစား၊ ၎င်းတို့ဟာ ဤအလွဲသုံးစားမှုကိုတားဆီးရန် သို့မဟုတ် လျော့ပါးစေရန် ကြိုးပမ်းခြင်း မရှိဘဲ မြန်မာနိုင်ငံတွင် အကြမ်းဖက်မှုနှင့် ဖိနှိပ်မှုများအတွက် ဆက်နွယ်ပတ်သက်သော၊ ငွေကြေးထောက်ပံ့နေသော ကုမ္ပဏီများကို ESG တံဆိပ်ကပ် ရင်းနှီးမြှုပ်နှံမှုပေါင်းများစွာကို လမ်းညွှန်ပေးလျက်ရှိနေပါတယ်" ဟု ၎င်းကဆက်လက် မှတ်ချက်ပြုပါသည်။

"မြန်မာနိုင်ငံတွင်းရှိ တက်ကြွလှုပ်ရှားသူများ နဲ့ နိုင်ငံရပ်ခြားရောက် မြန်မာနိုင်ငံသားများက လူ့အခွင့်အရေးနှင့် ဒီမိုကရေစီအရေး အတွက် ၎င်းတို့၏ အသက်ကို ပဓာနမထားဘဲ တိုက်ပွဲဝင်နေကြပါတယ်။ ESG ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း၏ ထိပ်တန်းရှိကုမ္ပဏီများက မြန်မာနိုင်ငံအတွင်း ဖြစ်ပွားနေသော စစ်တပ်မှ ရက်စက်ကြမ်းကြုတ်စွာ ကျူးလွန်လျက်ရှိသော ရာဇဝတ်မှုများကို တစ်နည်းအားဖြင့် ပါဝင်ကူညီနေကြသည်ကို သိရှိရခြင်းမှာ ဝမ်းနည်းစရာပါ" ဟု ALTSEAN-Burma တည်ထောင်သူနှင့် ညှိနှိုင်းရေးမှူး Debbie Stothard က ပြောကြားပါသည်။

MSCI၊ FTSE Russell နှင့် S&P Dow Jones Indices ကုမ္ပဏီတို့သည် ESG ဆိုင်ရာအချက်များကို လိုက်နာဆောင်ရွက်သည်ဟု ၎င်းတို့သတ်မှတ်သည့် ကုမ္ပဏီစာရင်းကို ပြုစုပါသည်။ ၎င်းကို ESG အညွှန်းများဟုခေါ်ပါသည်။ ဆိုလိုသည်မှာ ကုမ္ပဏီများသည် ပတ်ဝန်းကျင်၊ လူမှုဘဝ နှင့် စီမံအုပ်ချုပ်ရေးဆိုင်ရာကိစ္စရပ်များကို အလေးထားကြောင်းထောက်ခံချက်ပေးခြင်း ဖြစ်သည်။ ဥပမာ ၎င်းတို့သည် လူမှုရေးတာဝန်ခံမှုရှိကြောင်း "ESG ကဏ္ဍ ဦးဆောင်သူများ" နှင့် "ESG ဆိုင်ရာစစ်ဆေးပြီး" စသည့် စကားစုများ အသုံးပြု၍ ရင်းနှီးမြှုပ်နှံသူများကို ဆွဲဆောင်ရာတွင် အသုံးပြုပါသည်။ သို့သော် Inclusive Development International အဖွဲ့၏ သုတေသနပြုချက်များအရ အဆိုပါကုမ္ပဏီသုံးခုမှ ပြုစုထုတ်ပြန်သော ESG အညွှန်းကိန်းများတွင် ကုမ္ပဏီများ၏ လူ့အခွင့်အရေး မှတ်တမ်းများကို တိကျစွာထင်ဟပ်ခြင်းမရှိကြောင်း ရှာဖွေတွေ့ရှိထားပါသည်။ ရလဒ်အနေဖြင့် အဆိုပါ အညွှန်းကိန်းများကို စံနမူနာပြုထားသည့် ရင်းနှီးမြှုပ်နှံမှု ရန်ပုံငွေများသည် မြန်မာနိုင်ငံအပါအဝင် ဆိုးရွားသော လူ့အခွင့်အရေး ချိုးဖောက်မှုများနှင့် ဆက်စပ်နေသော ကုမ္ပဏီများနှင့် ချိတ်ဆက်လုပ်ကိုင်လျက်ရှိနေပါသည်။

"နိုင်ငံတကာ ကုမ္ပဏီတွေက မြန်မာစစ်တပ်ကို ဆက်လက် အသက်ရှင်ရပ်တည်နိုင်ဖို့ ရန်ပုံငွေ၊ လက်နက်နဲ့ တရားဝင်မှုပံ့ပိုးပေး နေတာကို မေးခွန်းထုတ်စရာတောင် မလိုတော့ပါဘူး" ဟု BMC မှ ဒီမိုကရေစီ တက်ကြွလှုပ်ရှားသူ မနိုနိုက ပြောပါသည်။ "အဲဒါကြောင့်မို့လို့ ကျွန်မတို့က နိုင်ငံတကာ စီးပွားရေးနှင့် အထူးသဖြင့် ESG ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းကို စစ်အုပ်စုနဲ့ အဆက်အသွယ်ဖြတ်ဖို့ တောင်းဆိုနေခြင်းဖြစ်ပါတယ်။"

မြန်မာစစ်တပ်သည် လူမျိုးတုံးသတ်ဖြတ်မှုနှင့် လူသားမျိုးနွယ်အပေါ် ကျူးလွန်သည့် ရာဇဝတ်မှုများအတွက် တာဝန်ရှိသည်ဟု ကုလသမဂ္ဂ လူ့အခွင့်အရေး ကျွမ်းကျင်သူများက ပြောကြားထားပြီးဖြစ်ပြီး၊ စီးပွားရေးလုပ်ငန်းများနှင့် ရင်းနှီးမြှုပ်နှံသူများကို စစ်တပ်နှင့် အဆက်အသွယ်ဖြတ်ရန် တောင်းဆိုထားသည်။ သို့တိုင်၊ ယခုသီတင်းပတ်တွင် တင်သွင်းသည့် တိုင်ကြားချက်များအရ MSCI, FTSE Russell နှင့် S&P Dow Jones Indices တို့မှ ဖန်တီးထားသော အညွှန်းကိန်းများကို အသုံးပြုသော Blackrock၊ Vanguard၊ State Street နှင့် အခြားကုမ္ပဏီတို့မှ စီမံခန့်ခွဲနေသည့် ESG တံဆိပ်တပ်ထားသော ရင်းနှီးမြှုပ်နှံမှု ရန်ပုံငွေများသည် အနည်းဆုံး ဒေါ်လာ ၁၃ ဘီလီယံခန့်ရှိသည်ဟု ဆိုပါသည်။ အဆိုပါ ရင်းနှီးမြှုပ်နှံမှုရံပုံငွေကို ရှယ်ယာရှင်အဖြစ် အားကိုးလျက်ရှိသော ကုမ္ပဏီများတွင် စစ်အုပ်စုကို လက်နက်ရောင်းချနေသည့် လက်နက်ရောင်းချသူများ (ဥပမာ- မြန်မာစစ်တပ်သို့ လက်နက်၊ ရေဒါစနစ်နှင့် ဆက်သွယ်ရေးနည်းပညာများ ပံ့ပိုးပေးသည့် Bharat Electronics၊ နှင့် စစ်လက်နက်ရောင်းချမှုတွင် ပါဝင်ပတ်သက်နေသည်ဟု သတင်းထွက်နေသည့် ဖင်လန်ကုမ္ပဏီ Wärtsilä)၊ စစ်တပ်က ထိန်းချုပ်ထားသော မြန်မာရဲတပ်ဖွဲ့ကို ဝန်ဆောင်မှုပေးနေသော နည်းပညာကုမ္ပဏီများ (စစ်တပ်၊ Alphabet နှင့် Apple တို့မှ အသုံးပြုသည့် မိုဘိုင်းတာဝါတိုင်များရှိသည့် မလေးရှားနိုင်ငံ Axiata Group ကုမ္ပဏီ အပါအဝင်၊ ၎င်းထုတ်ကုန်များကို ပရိုမိုးရှင်းလုပ်ရာတွင် စစ်တပ်နှင့်ချိတ်ဆက်ထားသော ကုမ္ပဏီများက အသုံးပြုကြသည်) နှင့် ဆန့်ကျင်တော်လှန်သူများကို ထောက်လှမ်း၍ ပြင်းထန်စွာချေမှုန်းရန် စစ်တပ်ကို အကျိုးရှိ စေမည့် အခြားကုမ္ပဏီတို့ ပါဝင်ပါသည်။ (ကုမ္ပဏီစာရင်းအပြည့်အစုံကို တိုင်ကြားမှုများ၏ နောက်ဆက်တွဲအဖြစ် ထည့်သွင်းထားပါသည်)

## ESG ညွှန်းကိန်းပံ့ပိုးပေးသူများ၏ လူ့အခွင့်အရေးဆိုင်ရာတာဝန်များ

ရင်းနှီးမြှုပ်နှံမှု အညွှန်းကိန်း ဖန်တီးသူများသည် ရင်းနှီးမြှုပ်နှံမှုလားရာအပေါ် မယုံနိုင်လောက်အောင် လွှမ်းမိုးမှု ရှိကြသည်။ U.S. Securities and Exchange Commission ၏ ဥက္ကဌဟောင်း ဖြစ်သူ Robert Jackson က "အခြေခံအားဖြင့်၊ သန်းပေါင်းများစွာသော အမေရိကန် မိသားစုများဟာ ၎င်းတို့ကိုယ်တိုင် ဘယ်မှာ ရင်းနှီးမြှုပ်နှံမလဲဆိုတာကို ရွေးချယ်ကြတာ မဟုတ်ပါဘူး၊ အညွှန်းကိန်း ထုတ်လုပ်သူတွေကသာ ရွေးချယ်ကြပါတယ်" ဟု ပြောဆိုခဲ့ဖူးပါသည်။ အညွှန်းကိန်းဖန်တီးသူများ ကြားတွင် ESG အညွှန်းများကို ဖန်တီးရောင်းချသူများသည် အဆိုပါအညွှန်းများတွင် ထည့်ရန် သို့မဟုတ် ဆက်ရှိနေနိုင်ရန် နှင့် ပတ်သက်၍ ကုမ္ပဏီများအပေါ် ဩဇာလွှမ်းမိုးမှုကို ထူးခြားစွာ ရရှိထားသည်။ အဆိုပါ ဩဇာလွှမ်းမိုးမှုသည် ကုမ္ပဏီများအတွက် ရင်းနှီးမြှုပ်နှံမှုကို လွယ်ကူချောမွေ့စေရန် သို့မဟုတ် ကန့်သတ်စေနိုင်ခြင်း သာမက ESG အညွှန်းတွင်ပါရှိသော ကုမ္ပဏီများအပေါ် ဂုဏ်သိက္ခာပိုင်းဆိုင်ရာ အကျိုးကျေးဇူးများလည်း ပေးနိုင်သောကြောင့် ဖြစ်ပါသည်။

FTSE Russell မှ မကြာသေးမီက ထုတ်ဝေသော စာတမ်းတစ်ခုတွင် ESG အညွှန်းကုမ္ပဏီတစ်ခုက လုပ်ငန်းကုမ္ပဏီတစ်ခုကို ESG အညွှန်းကိန်းမှထုတ်ပယ်မည်ဟု ခြိမ်းခြောက်လိုက်ခြင်းသည် ပတ်ဝန်းကျင်ဆိုင်ရာ စံနှုန်းများကို လိုက်နာခြင်းမရှိသော ကုမ္ပဏီတစ်ခုသည် အညွှန်းတွင် ဆက်လက်ရှိနေစေရန်အတွက် သုံးနှစ်တာကာလ အတွင်း လိုက်နာလာစေရန် ဖြစ်နိုင်ခြေကို နှစ်ဆတိုးစေပါသည်။ ကုမ္ပဏီများသည် ESG အညွှန်းကိန်းစံနှုန်းများကို တုံ့ပြန်ရာတွင် ၎င်းတို့၏ အပြုအမူလုပ်ဆောင်ချက်များကို ပြုပြင်ပြောင်းလဲခဲ့ကြောင်း အခြားလေ့လာမှုတစ်ခုကလည်း

တွေ့ရှိထားပါသည်။ ဤလေ့လာမှုများသည် ESG အညွှန်းကိန်း ကုမ္ပဏီများ၏ ကြီးမားသော လွှမ်းမိုးမှုကို သရုပ်ပြနေပါသည်။ "ကုမ္ပဏီအများက ESG အညွှန်းကိန်းမှာ ရှိနေဖို့ သူတို့တွေ ဘာလုပ်ရမလဲဆိုတာကို ကျွန်ုပ်တို့ထံ မကြာခဏလာမေးကြပါတယ်" လို့ MSCI မှအကြီးတန်းကိုယ်စားလှယ်တစ်ဦးက Inclusive Development International သို့ပြောဆိုခဲ့ခြင်းရှိပါသည်။

နိုင်ငံတကာလူ့အခွင့်အရေးစံနှုန်းများအရ ESG အညွှန်းကိန်းပံ့ပိုးပေးသူများသည် အလွဲသုံးစားလုပ်မှုများကို တားဆီးရန်နှင့် ထိခိုက်နစ်နာမှုများကို ပြန်လည်ကုစားရန် ၎င်းတို့၏ သြဇာလွှမ်းမိုးမှုကို အသုံးပြုရန် တာဝန်ရှိပါသည်။ ယခုသီတင်းပတ်တွင် တိုင်ကြားထားသည့် တိုင်ကြားချက်များအရ MSCI၊ FTSE Russell နှင့် S&P Dow Jones Indices တို့သည် ထိုသို့လုပ်ဆောင်ရန် ပျက်ကွက်ခဲ့သည်။

Inclusive Development International အဖွဲ့သည် လွန်ခဲ့သည့် ၂ နှစ်က မြန်မာနိုင်ငံတွင် ဖြစ်ပွားခဲ့သော အာဏာသိမ်းမှု၏ တစ်နှစ်ပြည့် နှစ်ပတ်လည်နေ့တွင် အဆိုပါကိစ္စရပ်များနှင့် ပတ်သက်၍ MSCI၊ FTSE Russell နှင့် S&P Dow Jones Indices တို့နှင့် စတင်ထိတွေ့ဆက်ဆံခဲ့သည်။ ထိုအချိန်တွင် အာဏာသိမ်းမှုနှင့် နောက်ဆက်တွဲ ဖြစ်ပေါ်ခဲ့သော ဒီမိုကရေစီရေး လှုပ်ရှားသူများကို အကြမ်းဖက် နှိမ်နင်းမှုများကြောင့် လူပေါင်း ၂၅၀၀ ခန့် သေဆုံးခဲ့သည်။ နှစ်နှစ်အကြာတွင် သေဆုံးသူဦးရေသည် ၄,၀၀၀ ကျော်သွားခဲ့ပြီဖြစ်ပါသည်။ ကျွန်ုပ်တို့အနေဖြင့် ထိုကုမ္ပဏီသုံးခုအား ချိတ်ဆက်ဆက်ဆံမှုတွင် အကြမ်းဖက်စစ်တပ်နှင့် လက်တွဲလုပ်ကိုင်လျက်ရှိသော ကုမ္ပဏီများ၏ လူ့အခွင့်အရေး ချိုးဖောက်နေမှုများအကြောင်းနှင့် OECD ၏ လမ်းညွှန်ချက်များအရ ရာဇဝတ်မှုများအား ကူညီထောက်ပံ့ပေးနေသော ကုမ္ပဏီများ၏ ဆိုးရွားသော လူ့အခွင့်အရေးချိုးဖောက်မှုဆိုင်ရာ အန္တရာယ်များနှင့် နောက်ဆက်တွဲအကျိုးသက်ရောက်မှုများကို ကိုင်တွယ်ဖြေရှင်းရန်အတွက် MSCI၊ FTSE Russell နှင့် S&P Dow Jones Indices တို့အနေဖြင့် ၎င်းတို့၏သြဇာလွှမ်းမိုးမှုကို အသုံးပြုရန်သတိပေးခဲ့သော်လည်း ၎င်းတို့၏ လူ့အခွင့်အရေးဆိုင်ရာ လိုက်နာရမည့်တာဝန်များကို ကျေပွန်အောင် လုပ်ဆောင်ခဲ့ခြင်းနှင့် ပတ်သက်သည့် အကြောင်းများကို အရိပ်အမြွက်မျှ ပြောဆိုခြင်းမရှိပေ။

အယ်ဒီတာများအတွက် မှတ်ချက်များ

- **MSCI၊ FTSE Russell နှင့် S&P Dow Jones Indices တို့မှ ဖန်တီးထားသော ESG အညွှန်းကိန်းများအသုံးပြု၍ ESG တံဆိပ်တပ်ထားသော မြန်မာစစ်တပ်နှင့် ချိတ်ဆက်လုပ်ကိုင်လျက်ရှိသော ရင်းနှီးမြှုပ်နှံမှု ရန်ပုံငွေစာရင်းတွင် ကုမ္ပဏီစာရင်းအပြည့်အစုံကို ဤနေရာတွင် ကြည့်ရှုပါ။**
- **မြန်မာနိုင်ငံရှိ လူ့အခွင့်အရေးချိုးဖောက်မှုများနှင့် နိုင်ငံတကာစီးပွားရေးကဏ္ဍများဆိုင်ရာ** - ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်နေ့တွင် မြန်မာစစ်တပ်က အာဏာသိမ်းပြီး အရပ်သားခေါင်းဆောင်အများအပြားကို ဖမ်းဆီးထောင်ချခဲ့သည်။ နိုင်ငံတဝှမ်းမှာ သန်းနဲ့ချီတဲ့ ပြည်သူတွေဟာ ဒီမိုကရေစီကို ထောက်ခံတဲ့အနေဖြင့် ဖြိုခွင်း၊ ခြိမ်းခြောက်မှုများကို ဗီဆန်လျက် လမ်းပေါ်ထွက်ဆန္ဒပြခဲ့ကြသည်။ အချိန်ကြာလာသည်နှင့် အမျှ စစ်တပ်အာဏာသိမ်းမှု ဆန့်ကျင်သော ဆန္ဒပြသူများကို လုံခြုံရေးတပ်ဖွဲ့များက အင်အားသုံး ဖြိုခွင်းခဲ့ပါသည်။

ဇန်နဝါရီလ ၂၀၂၄ စာရင်းအရ သေဆုံးသူ ၄၄၀၀ ကျော်သွားပါပြီ ဖြစ်သည်။ ၂၀၂၃ ခုနှစ် နိုဝင်ဘာလအထိ မြန်မာစစ်တပ်နှင့် ၎င်း၏ သစ္စာခံအဖွဲ့များက အရပ်သားအိမ်ခြေ ၇၇,၂၇၄ ခန့်ကို မီးရှို့ဖျက်ဆီးခဲ့သည်။

အစောပိုင်းနှစ်များက ၂၀၁၆ ခုနှစ်မှစတင်၍ စစ်တပ်သည် မြန်မာနိုင်ငံအနောက်ပိုင်းရှိ ရိုဟင်ဂျာလူမျိုးများအပေါ် အစုလိုက်အပြုံလိုက် သတ်ဖြတ်မှုများနှင့် လူမျိုးတုံးရှင်းလင်းရေး လှုပ်ရှားမှုကို စတင်ခဲ့ပြီး ကမ္ဘာ့သတင်းခေါင်းကြီးပိုင်းတွင် နေရာယူလာခဲ့ကြသည်။ ကမ္ဘာ့ကုလသမဂ္ဂနှင့် နိုင်ငံပေါင်း ၅၇ နိုင်ငံမှ တာဝန်ရှိသူများက စစ်တပ်၏ လုပ်ရပ်များကို လူမျိုးတုံး သတ်ဖြတ်မှုအဖြစ် တံဆိပ်ကပ်ထားပြီး၊ အခြေအနေကို "လူမျိုးတုံးသုတ်သင်မှု၏ ကျောင်းသုံးစာအုပ် နမူနာ" အဖြစ် ကမ္ဘာ့ကုလသမဂ္ဂ လူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီးဟောင်းက ဖော်ပြခဲ့သည်။ လူမျိုးတုံးသတ်ဖြတ်မှု အပြီးတွင် ကမ္ဘာ့ကုလသမဂ္ဂအရာရှိများနှင့် အရပ်ဘက်အဖွဲ့အစည်းများက စီးပွားရေးလုပ်ငန်းများနှင့် ရင်းနှီးမြှုပ်နှံသူများကို စစ်တပ်နှင့် အဆက်အသွယ်ဖြတ်ရန် တောင်းဆိုခဲ့သည်။

မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂ လွတ်လပ်သော နိုင်ငံတကာ အချက်အလက်ရှာဖွေရေးမစ်ရှင်က ၂၀၁၉ ခုနှစ်တွင် စစ်တပ်နှင့် ဖက်စပ်လုပ်ကိုင်သည့် နိုင်ငံခြားကုမ္ပဏီ ၁၅ ခုထက်မနည်းနှင့် စစ်တပ်နှင့် စီးပွားရေးလုပ်ငန်းဆိုင်ရာ ဆက်နွယ်မှုရှိသည့် ကုမ္ပဏီပေါင်း ၄၄ ခုရှိကြောင်း စုံစမ်းဖော်ထုတ်ခဲ့သည်။ အစီရင်ခံစာအရ "ထိုကဲ့သို့သော ဖက်စပ်လုပ်ငန်းနှင့် စီးပွားရေးပူးတွဲလုပ်ကိုင်ခြင်းဖြင့် နိုင်ငံခြားကုမ္ပဏီများသည် နိုင်ငံတကာ လူ့အခွင့်အရေး ဥပဒေနှင့် နိုင်ငံတကာ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာဥပဒေတို့ကို ချိုးဖောက်မှုများနှင့် ဆက်စပ်နေသည်" ဟု အစီရင်ခံစာတွင် ဖော်ပြထားပါသည်။ အနည်းဆုံးတော့ ဒီနိုင်ငံခြားကုမ္ပဏီများသည် စစ်တပ်အတွက် ဘဏ္ဍာငွေ ဖြည့်တင်းပေးနေခြင်းပင် ဖြစ်ပါသည်။ ထို့အပြင် Burma Campaign UK နှင့် Justice for Myanmar ကဲ့သို့သော အရပ်ဘက်အဖွဲ့အစည်းများသည် စစ်တပ်ကို ပံ့ပိုးပေးသည့် ကုမ္ပဏီများဆိုင်ရာ သတင်းအချက်အလက်များကို ခြေရာခံပြီး ထုတ်ဝေလျက်ရှိကြသည်။

- **ESG ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း၏ တိုးတက်မှုနှင့် အရေးပါမှုအကြောင်း** - ESG ရင်းနှီးမြှုပ်နှံမှု ရန်ပုံငွေများသည် သဘာဝ ပတ်ဝန်းကျင်နှင့် လူမှုရေး တာဝန်ယူမှုရှိသော ကုမ္ပဏီများတွင် ရှယ်ယာများကို ဝယ်ယူသည်ဟု အခိုင်အမာဆိုထားသည့် လျင်မြန်စွာကြီးထွားလာသော ရင်းနှီးမြှုပ်နှံမှုအစုစုဖြစ်သည်။ ဒေါ်လာ ၄၀ ထရီလီယံခန့် တန်ဖိုးရှိသည့် ESG အခြေပြုလုပ်ငန်းသည် နေ့စဉ်ရင်းနှီးမြှုပ်နှံသူများ၊ အထူးသဖြင့် လူငယ်များအတွက် မိမိတို့၏ငွေကို ၎င်းတို့၏တန်ဖိုးများနှင့် ကိုက်ညီသည်ဟု ပရိုမိုးရှင်းပေးလျက်ရှိပါသည်။ ESG ကဏ္ဍဖွံ့ဖြိုးကြီးထွားလာရခြင်းမှာ ထပ်ခါတလဲလဲအသုံးပြုသည့် ရိုးရှင်းသော ကတိတစ်ခုကြောင့်လည်း ဖြစ်ပါသည်။ MSCI ၏ CEO ဖြစ်သူ Henry Fernandez က "ကျွန်ုပ်တို့၏တာဝန်က ပိုမိုကောင်းမွန်သောကမ္ဘာတစ်ခုအတွက် ရင်းနှီးမြှုပ်နှံသူများကို ပိုမိုကောင်းမွန်သော အစုရှယ်ယာများ ဝယ်ယူရင်းနှီးရာတွင် ကူညီရန်ဖြစ်ပါတယ်" ဟု လူသိရှင်ကြားထုတ်ဖော်ပြောဆိုခဲ့ဖူးသည်။

**Inclusive Development International အကြောင်း**

Inclusive Development International သည် အန္တရာယ်ရှိသော ကော်ပိုရိတ်လုပ်ငန်းများကို ရင်ဆိုင်ရာတွင် ကမ္ဘာတစ်ဝှမ်းရှိ လူမှုအသိုင်းအဝိုင်းများအား ၎င်းတို့၏ လူ့အခွင့်အရေးနှင့် သဘာဝပတ်ဝန်းကျင်ကို အကာအကွယ်ပေးခြင်းဖြင့် လူမှုရေး၊ စီးပွားရေးနှင့် သဘာဝပတ်ဝန်းကျင် တရားမျှတမှုကို တိုးတက်စေရန် လုပ်ဆောင်သော US အခြေစိုက် အကျိုးအမြတ်မယူသော အဖွဲ့အစည်းတစ်ခုဖြစ်သည်။ ကျွန်ုပ်တို့၏ "Follow the Money" သုတေသန၊ အမှုတွဲနှင့် မူဝါဒဆိုင်ရာ ထောက်ခံအားပေးမှု တစ်ဆင့် ကျွန်ုပ်တို့သည် ကော်ပိုရေးရှင်းများနှင့် ဖွံ့ဖြိုးတိုးတက်ရေးဘဏ္ဍာရေးအဖွဲ့အစည်းများ၏ တာဝန်ခံမှုကို ထိန်းသိမ်းထားပြီး ပိုမိုမျှတ၍ ဂေဟစနစ်အရ ရေရှည်တည်တံ့သော ဖွံ့ဖြိုးတိုးတက်မှုပုံစံကို မြှင့်တင်ပါသည်။ ကော်ပိုရိတ်တာဝန်ယူမှုဆိုင်ရာ ကမ္ဘာလုံးဆိုင်ရာ လှုပ်ရှားမှုကို အားကောင်းစေရန်အတွက် ကျွန်ုပ်တို့သည် လူ့အခွင့်အရေး ကာကွယ်သူများအတွက် သင်တန်းနှင့် အရင်းအမြစ်များကို ပံ့ပိုးပေးပါသည်။ https://www.inclusivedevelopment.net တွင်ပိုမိုလေ့လာပါ။

**ALTSEAN-Burma အကြောင်း၊**

ALTSEAN-Burma (Alternative ASEAN Network on Burma) သည် အာဆီယံဒေသတွင်း လူ့အခွင့်အရေးနှင့် ဒီမိုကရေစီရေး ကမ်ပိန်းလှုပ်ရှားမှုများကို လုပ်ဆောင်လျက်ရှိပြီး မြန်မာ့အရေးကို ဦးစားပေးလုပ်ဆောင်လျက်ရှိသော အဖွဲ့အစည်းဖြစ်ပါသည်။ https://www.altsean.org တွင်ပိုမိုလေ့လာပါ။

**Blood Money Campaign of Myanmar (BMC) အကြောင်း၊**

Blood Money Campaign of Myanmar (BMC) သည် အကြမ်းဖက်စစ်အုပ်စုကို ဆန့်ကျင်တော်လှန်လျက်ရှိသော လူမှုရေးနှင့် နိုင်ငံရေး ဆိုင်ရာတက်ကြွလှုပ်ရှားသူများ၊ ကျောင်းသား သမဂ္ဂများနှင့် ဒီမိုကရေစီ လိုလားသူများစုဖွဲ့ထားသော အစုအဖွဲ့ဖြစ်ပါသည်။ အဓိကရည်ရွယ်ချက်မှာ မြန်မာနိုင်ငံရှိ စစ်အာဏာရှင်များထံ နိုင်ငံခြားငွေ စီးဆင်းမှုကို ဖြတ်တောက်ရန် ဖြစ်ပါသည်။ ပြည်တွင်းပြည်ပရှိ မဟာမိတ် အရပ်ဖက်အဖွဲ့အစည်းများနှင့် တော်လှန်ရေးအင်အားစုများ အတူပူးပေါင်းကာ စီးပွားရေးကဏ္ဍများနှင့် နိုင်ငံတကာအစိုးရများကို သုတေသနများအပေါ်အခြေခံသည့် စည်းရုံးလှုံ့ဆော်ခြင်းများ လုပ်ဆောင်လျက်ရှိသကဲ့သို့ ပြည်သူလူထုများအား ကျယ်ပြန့်စွာ စည်းရုံးလှုံ့ဆော်ခြင်းများ လုပ်ဆောင်နေသော အဖွဲ့အစည်းဖြစ်ပါသည်။ အဓိက ပစ်မှတ်ထားလှုပ်ရှားသည်မှာ ရေနံနှင့် သဘာဝ ဓာတ်ငွေ့ကဏ္ဍမှ ရရှိသော ဝင်ငွေအရင်းအမြစ်များ ဖြတ်တောက်ရေး ဖြစ်သည့်အပြင် နိုင်ငံတစ်ဝှမ်းရှိ အပြစ်မဲ့အရပ်သား ပြည်သူများကို ကြိမ်ဖန်များစွာ လေကြောင်းတိုက်ခိုက်မှုများဖြင့် သတ်ဖြတ်ရာတွင် အဓိကကျသော လေယာဉ်ဆီများအား ပိတ်ဆို့ရေး ကဲ့သို့သော ပစ်မှတ်များလည်းပါဝင်သည်။ စစ်အာဏာရှင်များအတွက် ငွေကြေးအရင်းအမြစ်များကို ဖြတ်တောက်ခြင်းသည် စစ်တပ်၏ အဓိကအရင်းအမြစ်ကို ထိခိုက်စေပြီး၊ လူသားမျိုးနွယ်အပေါ် ကျူးလွန်သည့် ရာဇဝတ်မှုများကို တားဆီးနိုင်မည်ဟု ကျွန်ုပ်တို့ယုံကြည်ပါသည်။ ၎င်းသည် မြန်မာနိုင်ငံ၏ ဒီမိုကရေစီ လမ်းကြောင်းအပေါ် လျှောက်လှမ်းနေသော အဓိကခြေလှမ်း ဖြစ်ပါတယ်။

https://www.facebook.com/BloodMoneyCampaignMM တွင်ပိုမိုလေ့လာပါ။

https://sites.google.com/view/bloodmoneycampaign/home; https://twitter.com/bloodmoney22222

အထက်ပါ အကြောင်းအရာများနှင့် ပတ်သက်၍ ပိုမို သိရှိလိုပါက -

**ဆက်သွယ်ရန်**

Mignon Lamia
**Inclusive Development International**
Email: mignon@inclusivedevelopment.net
Cell/WhatsApp/Signal: +16174704142

Debbie Stothard
**Alternative ASEAN Network on Burma**
Email: debbie@altsean.org
Signal: +66816861652

Mike
**Blood Money Campaign**
Email: info@bmcmyanmar.com
Signal: +959966878881